
ဦးရာဇမောင်း
သက်တန့်ရောင်
နှလုံးသား

သက်တန့်ရောင် နှလုံးသား

**အသူရာနှင့် သိကြားမင်း စစ်ခင်းရာတွင် ဝဇီရာဟတ္တော၊ ဝဇီရာ စိန်လက်နက်ရှိသော သိကြားမင်း၏ တိုက်ပွဲကြောင့် မိုးခြိမ်းခြိမ်း ရွာခြင်း ဖြစ်သည်ဟု ပိုင်စိုး ကြားဖူးသည်။ သိကြားမင်းနှင့် အသူရာ စစ်ခင်းရ ခြင်း၏ အဓိကအကြောင်းအရင်းမှာ အသူရာ၏ သမီးတော်ကို ချစ်ခဲ့မိ သော သိကြားမင်း၏ 'အချစ်' ကြောင့် ဖြစ်သည်။ ဒေဝရာဇ နတ်တို့၏ မင်း၊ ဘူတပတိ သတ္တဝါတို့ကို အစိုးရသောသူ ဖြစ်တော်မူသော သာသနာ စောင့် သိကြားမင်းသည်ပင် အချစ်အတွက် ယောက္ခမလောင်း အသူရာ ကို စစ်ဆင်ခဲ့ဖူးပါလျှင် ပိုင်စိုးဆိုသော ပုထုဇဉ်လူသားတစ်ယောက်အဖို့...**

ပြင်ဦးလွင်ဈေးကြီးရှေ့မှာ ဆိုဖီ လက်ဖက်ရည်ဆိုင်လေးထဲတွင် ဦးစော လွင်တစ်ယောက် ငါးသုံးလုံးစီးကရက်ဖွာရင်း လက်ဖက်ရည်ဆိုင်ထဲမှာ စကားသံတွေ နားစွင့်နေမိသည်။ တစ်ဖက်စားပွဲမှ လူငယ်နှစ်ဦးက လူသတ်မှုတစ်ခုအကြောင်း ဆွေးနွေးနေသည်။

'လူသားအချင်းချင်း သတ်ဖြတ်တယ်ဆိုတာ အင်မတန် အရုပ်ဆိုး အကျည်းတန်တဲ့ အလုပ်ပါ၊ ဒါပေမဲ့ သာမန်လူသားတိုင်းမှာ လူသတ်ချင် စိတ်မရှိတာ သေချာတယ်၊ လူတစ်ယောက်ကို သတ်ဖြတ်ပစ်ချင်လောက် အောင် နာကြည်းစိတ်ရှိတယ်ဆိုတော့ သူ့အလှည့်တုန်းက တော်တော်ခံခဲ့ရ လို့လဲ ဖြစ်နိုင်တယ်'

'ဒါပေ့ါ၊ အခုသေသွားတဲ့လူက သတ်တဲ့လူကို သက်သက်အမှုဆင်ပြီး ထောင်ကျအောင် လုပ်ခဲ့တာ၊ အဲဒါကြောင့် ထောင်ကလွတ်လွတ်ချင်း လာ

တွေ့ပြီး စာရင်းရှင်းရင်းက လက်လွှန်ပြီး သေသွားတာကို ပြောသံကြားတယ်’

ဦးစောလွင် ပြုံးသည်။ သူလည်း အခု ရန်ကုန်မှာ လူတစ်ယောက်ကို အမှုဆင်ထားရစ်ခဲ့သည်။ ဒါပေမဲ့ အဲဒီလူ သူ့ကို စာရင်းလာရှင်းမှာ သူ မကြောက်ပါ။

ဘယ်သူလုပ်လိုက်မှန်း မသိဘဲ ပိုင်စိုးဆိုသည့်ကောင် ထောင်ထဲ ရောက်သွားရမည်။ အခုချိန်ဆို ဒီကောင် ထောင်ထဲရောက်နေလောက်လေပြီ။ ဦးစောလွင် နှစ်နှစ်ခြိုက်ခြိုက် ထပ်ပြုံး၏။ သမီးလေးအတွက်လည်း စိတ်အေးရပြီ။ လုပ်ငန်းရဲ့ အဓိက ပြိုင်ဘက်မရှိတော့ပြီမို့ သူ့စီးပွားရေးလုပ်ငန်းလည်း ရှေ့လျှောက် တစ်ဟုန်ထိုးတက်တော့မည်။

လက်ထဲမှ ငါးသုံးလုံး စီးကရက်တိုကလေးကို ပြာခွက်တွင်းသို့ ခပ်နာနာထိုးချေထည့်ရင်းက လက်မှနာရီကို တစ်ချက်ကြည့်လိုက်သည်။ ညနေလေးနာရီ။ တည်းခိုရာအိမ်သို့ ပြန် ရေချိုး၊ ထမင်းစားရမည်။ ကျသင့်သောလက်ဖက်ရည်ဖိုးခေါ်ရှင်းပြီး ဆိုင်ထဲမှ ထွက်ခဲ့သည်။

မြင်းလှည်းဂိတ်ရောက်တော့ ‘ဈေးလေးကိုသွားမယ်’ ဟု ပြောရင်း မြင်းလှည်းပေါ် ထက်ထိုင်လိုက်သည်။ မြင်းလှည်းသမားက ချက်ချင်းလှည်းပေါ်ခုန်တက်၍ ဂိတ်မှထွက်သည်။

ဦးစောလွင် အတွေးထဲကို ချစ်သမီးလေး ရောက်လာသည်။ ထောင်နန်းစံသွားရသော ပိုင်စိုးအတွက် သမီးလေး တစ်ခဏတော့ ခံစားရမည်ထင်သည်။ ဒါပေမဲ့ သမီးလေး ဘဝတစ်လျှောက်လုံး ကောင်းစားဖို့ချည်းသာရှိတော့သည်။ မောင်မင်းခန့်နှင့် လက်ထပ်ဖို့အတွေးကို ရန်ကုန်ပြန်ရောက်ရောက်ချင်း စီစဉ်ရမည်။ သူ့အတွေးနှင့်သူ သဘောကျ၍ ဦးစောလွင်တစ်ယောက်တည်း ပြုံးသည်။

ပြီးတော့... မြင်းလှည်းဘေးပေါက်မှ လမ်းသွားလမ်းလာတွေကို တစ်ချက် အကဲခတ်လိုက်မိသည်။

'ဟင်'

ဦးစောလွင်အပြုံးတွေ အတောင်တွေပေါက်ပြီး ထွက်ပြေးလေပြီ။ ရင်ထဲမှာလည်း ယောက်ယက်ခတ်သွားပြီ။ 'မေတ္တာသစ်' လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာသူတစ်ဦးကို သူ အသေအချာ မြင်လိုက်ရပါသည်။

'ပိုင်စိုး'

ဘုရား... ဘုရား၊ ဒီကောင် ဘယ်လိုလွတ်လာတာပါလိမ့်။ ပြီးတော့ ဒီ ပြင်ဦးလွင်ကို ဘာလို့ ရောက်လာပါလိမ့်။ ဦးစောလွင် တွေးသည်။ နောက်ဆုံးတော့ သက်ပြင်းမောနှင့်အတူ သူ ကောက်ချက်တစ်ခု ချသည်။ ဘာကြောင့်လွတ်လာတာလဲ မသိပေမဲ့ သူ့နောက်ကို လိုက်လာခြင်း ဖြစ်မည်ဆိုတာတော့ သူအတတ်သိသည်။ ပြင်ဦးလွင်မှာ ပိုင်စိုးနှင့် ဘယ်လိုမှမအပ်စပ်။

ပလတ်စတစ် ဈေးကွက်မရှိ။ မိဘဆွေမျိုးတွေ ရှိသည်ဟုလည်း ဦးစောလွင် မကြားမိ။ ဒါဆို သေချာပါသည်။ ပိုင်စိုး သူ့နောက်လိုက်လာပြီ။ သမီးလေးချယ်ရီကို သူပြင်ဦးလွင် သွားမည်ဟု အမှန်အတိုင်းပြောခဲ့မိတာ သူ့မဟာအမှားဖြစ်သွားပြီ။ ပိုင်စိုး ပြင်ဦးလွင်ရောက်နေပြီဟူသော အသိကြောင့် သူ့ရင်ထဲမှာ ဗြောင်းဆန်နေပြီ။

လက်ဖက်ရည်ဆိုင်မှ စကားဝိုင်းကို သူ ပြန်ကြားယောင်မိသည်။

'သေသွားတဲ့သူက သတ်တဲ့သူကို သက်သက်အမှုဆင်ပြီး ထောင်ကျအောင် လုပ်ခဲ့တာ၊ အဲဒါကြောင့် ထောင်ကလွတ်လွတ်ချင်း လာတွေ့ပြီး စာရင်းရှင်းရင်းက လက်လွန်ပြီး သေသွားတာလို့ ပြောသံကြားတယ်'

ဘုရား... ဘုရား၊ ပိုင်စိုးလက်ချက်နဲ့ သူ အသက်မထွက်ပါဘူးလို့ ဘယ်သူ့

အာမခံရဲမလဲ။ နဂိုကတည်းက အဆင်မပြေသောသူနှင့် ပိုင်စိုးကြားမှာ သူ အလဲထိုးဖို့ ကြိုးစားခဲ့သည့် လုပ်ရပ်က တော်ရုံတန်ရုံ လုပ်ရပ်မဟုတ်။ ပိုင်စိုးကို သေဒဏ် (သို့မဟုတ်) တစ်သက်တစ်ကျွန်း အပြစ်ဒဏ်အထိ ကျခံသွားရစေနိုင်သော အမှုတစ်ခုမှာ တရားခံဖြစ်အောင် သူ ဖန်တီးထားခဲ့သည်။ အဲဒီ ပိုင်စိုးဆိုတဲ့ကောင် အခု သူ့နောက်လိုက်လာပြီ။

လူမှားတာများလား သူ လူမှားတာ ဖြစ်ပါစေ။ ဆုသာတောင်းနေရပေမဲ့ မဖြစ်နိုင်မှန်း သူသိသည်။

သူ့မျက်လုံးတွေက ဘယ်တုန်းကမှ လူမမှားခဲ့ဘူးပါ။ ပြီးတော့ ပိုင်စိုးလွယ်နေကြ နီညိုရောင် သားရေအိတ်ကလေးကလည်း သူ မမှားကြောင်း သက်သေခံနေပါသည်။

ဦးစောလွင် သူ့နဖူး သူပြန်စမ်းသည်။ ချွေးတွေပြန်နေပြီ။ ပြင်ဦးလွင်ဒလေပြေအေးကလည်း သူ့ကို မကယ်နိုင်တော့ပါ။

'ဒီနားလား ဆရာ'

မြင်းလှည်းဆရာ အသံကြားမှ ဈေးလေးရောက်တာ သူသိသည်။

'ဪ… အေးအေး'

မြင်းလှည်းခထုတ်ပေးပြီး သူ ခပ်သွက်သွက်ဆင်းသည်။

မြင်းလှည်းဆရာထွက်သွားမှ ' ငါ ဘာဖြစ်လို့ အိမ်အရောက် မပို့ခိုင်းလိုက်မိပါလိမ့်' ဟု သူတွေးသည်။

သူ့ ဆုံးဖြတ်ချက်တွေ ချွန်ချောနေပြီ။ စိတ်ကို သေချာထိန်းဦးမှ။ ဘာစိုးရိမ်စရာရှိလို့လဲ။ ပြင်ဦးလွင်ဆိုတာ အကျယ်ကြီးပါ။ နောက်ရက်တွေ အိမ်ထဲမှာပဲ အောင်းနေလိုက်ပေ့ါဟု တွေးရင်း သူ့စိတ်ကို ဖြေလျော့သည်။

သူ တည်းခိုရာ ငယ်သူငယ်ချင်း ဝင်းသန်း အိမ်ရှေ့မှာ ဆိုင်ကယ်လေး ရပ်

ထားတာ တွေ့သည်။ ဝင်းသန်းအလုပ်က ပြန်ရောက်နေပြီ။

သူ ခြံတံခါးတွန်းဖွင့်ရင်း အိမ်ထဲသို့ ခပ်သွက်သွက် လှမ်းဝင်လိုက်သည်။

အိမ်ရောက်တော့ လမ်းဘက်သို့ တစ်ချက် လှည့်ကြည့်မိသည်။

အန္တရာယ် အရိပ်အယောင် မရှိပါ။

ဦးစောလွင် သက်ပြင်းချသည်။

'ဟာ... ဟေ့ကောင် ပြန်လာပြီလား၊ ထိုင်ထိုင်၊ ငါလဲ ခုပဲရောက်လာ၊ မိန်းမနဲ့ မင်းအကြောင်း ပြောနေတာ၊ ခုန ကောင်လေးတစ်ယောက် မင်းကို လာမေးသွားတယ်တဲ့'

'ဟင်...'

ဦးစောလွင်ကတော့ အပြီး နှုတ်ဆက်ခြင်း ဖြစ်သည်။

မန္တလေးရောက်မှ ဖုန်းပြန်ဆက်၍ ဆိုင်ကယ်ကို မန္တလေးမှာ ထားခဲ့ကြောင်း အကြောင်းကြားလိုက်မည်။

တစ်ရက်နှစ်ရက်တော့ မြင်းလှည်းပဲ အားကိုးလိုက်ဦးပေါ့ကွာဟု သူ့အတွေးထဲမှာ ဝင်းသန်းကို ပြောနေသည်။

ဦးစောလွင် စီးလာသော စီဂျီ-ဝမ်းတူးဖိုက် ဆိုင်ကယ်က ပြင်ဦးလွင်မြို့ကို သုံးမိနစ်ခန့်အတွင်း ဖြတ်သန်းနိုင်ခဲ့သည်။

'ပြင်ဦးလွင်မှ ချိုမြှင်သာယာ နှုတ်ခွန်းဆက်ပါ၏'

မြို့အထွက်မှ စာတန်းကြီးကို တစ်ချက်ကြည့်ရင်း သူပြုံးသည်။

လက်မှနာရီကို ကြည့်သည်။

လေးနာရီခွဲ၊ မန္တလေးကို ခြောက်နာရီလောက် အရောက်ဆင်းမည်။ အဲသည်ကျမှ ထမင်းစားတော့မည်။ ဖြစ်နိုင်လျှင် ညရထားဖြင့် ရန်ကုန် ပြန်

လိုက်ချင်သည်။

မန္တလေးမှာ ဆက်နေလျှင် အဝတ်အစားတွေ ဝယ်နေရဦးမည်။ သူ့ပစ္စည်းတွေအကုန် ပြင်ဦးလွင်မှာ ထားရစ်ခဲ့ရပြီ မဟုတ်လား။

ခွေးပြေးဝက်ပြေး ပြေးခဲ့ရသော ကိုယ့်အဖြစ် ကိုယ်တွေးမိတော့ သူ့ရင်ထဲမှာ ကြောက်စိတ်တွေပျောက်ကာ ဒေါသစိတ်တွေ ရောက်လာသည်။

'တောက်' တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်၏။ ချယ်ရီလွင် အမိုက်မကလည်း သူခိုးကို ဓားရိုးကမ်းသည်။ ဖအေကို သတ်မည့်သူများ ပင်ပင်ပန်းပန်း ရှာနေရမှာစိုးလို့ လိပ်စာ အတိအကျ ပေးလိုက်ရသတဲ့လား။ ဦးစောလွင် ရင်ထဲမှာ ကျဉ်ခနဲ ဖြစ်သွားသည်။ လုပ်ရက်လိုက်တာ သမီးရယ်။

'သမီးကို ဖေဖေ ချစ်တယ်ဆို၊ သမီးကိုချစ်ရင် သမီးရဲ့ တစ်ခုတည်းသော တောင်းဆိုချက်ကို လိုက်လျောပါ ဖေဖေရယ်၊ သမီး တစ်သက်လုံး ဖေဖေ့ဆီက ဘာပူဆာဖူးလို့လဲ၊ ကိုပိုင်စိုးနဲ့ လက်ထပ်ခွင့်ပေးပါ ဖေဖေရယ်၊ နော်... ဖေဖေနော်'

သမီးလေး၏ စကားသံတွေကို ဦးစောလွင် ပြန်ကြားယောင်သည်။

မျက်နှာငယ်လေးနှင့် တောင်းပန်နေရှာသော သူ့သမီးဆန္ဒကို သူ လိုက်လျောချင်ပါသည်။

ဒါပေမဲ့ ပိုင်စိုးနဲ့ လက်ထပ်ခွင့်ပေးဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပါ။ ဒီကောင့်အကြောင်း အူမချေးခါးမကျန် သူ သိသည်။ သူနှင့် ပိုင်စိုးဆိုသည့် ကလိန်ကကျစ်ကောင်လေး၏ တိုက်ပွဲမှာ သူ့သမီးလေးကို ဓားစာခံ အဖြစ်မခံနိုင်ပါ။

ပိုင်စိုးမှတစ်ပါး တခြား ဘယ်ယောကျ်ားကိုမဆို သူ့သားမက်အဖြစ် လက်ခံနိုင်ပါသည်။ ပိုင်စိုးနှင့်ကတော့ ဘယ်လိုမှ မဖြစ်။ သူ သမီးကို တကယ်မချစ်မှန်းလည်း သူသိသည်။

သမီးလေးကတော့ ဘာမှ နားမလည်ရှာ။ အခုလည်း မသိနားမလည်ဘဲ ပိုင်စိုးကို သူ့ဆီ အရောက်ပို့ပေးလိုက်ပြန်လေပြီ။ ဦးစောလွင် သက်ပြင်းချသည်။ ဒါပေမဲ့ စီဂျီလေး၏အရှိန်ကိုတော့ လုံးဝ လျှော့မချ။

ဒိုးကွင်း၊ ကော်ဖီခြံ၊ သံမဏိစက်ရုံ၊ အနီးစခန်း၊ ဘရိုက်တီး ကျောက်ထုတ်စခန်းတို့ကို တစ်ရှိန်ထိုး ဖြတ်သန်းနေသည်။ အဆင်းခရီး ဖြစ်သော်ငြား လုံးဝ ဖရီးမရိုက်ပါ။ ရန်ကုန်မှာလိုလို ဓာတ်ဆီချွေတာနေစရာအကြောင်း မရှိ။ လက်ရှိအခြေအနေမှာ အရေးကြီးဆုံးက ပိုင်စိုးနှင့် ဝေးသထက်ဝေးဖို့ ဖြစ်သည်။ ရန်ကုန်ပြန်ရောက်လျှင်တော့ ကိုယ့်နယ်မြေ ဖြစ်ပြီ။ အဲဒီကျမှ ကြည့် စီစဉ်ရပေတော့မည်။

ဦးစောလွင်အတွေးက ဟိုရောက်သည်ရောက်။ ဒါပေမဲ့ ဆိုင်ကယ်လေးကတော့ ဘယ်မှမရောက်ပါ။ ပြင်ဦးလွင် မန္တလေး ကားလမ်းပေါ်မှာသာ။ တစ်ခုတည်းသော ဦးတည်ချက်အတိုင်း တစ်ရှိန်ထိုး ပြေးနေသည်။ သွားရင်းလာရင်း လမ်းဘေးဝဲယာ ဆိုင်းဘုတ်လေးကို သူလိုက်ဖတ်ကြည့်မိသည်။

'ရွှေပင် ရေ့ှခက်၊ တောမှထွက်၏'

'သစ်ပင်တစ်သက်၊ ဆွေစဉ်လေးဆက်'

'သစ်ပင်လှမှ၊ တိုင်းပြည်လှ၏'

'ကျေးငှက်သားရဲ၊ တောမှာမြဲ၏'

ဒီဆိုင်းဘုတ်ကို ဦးစောလွင် အသံထွက်၍ ရေရွတ်ကြည့်မိသည်။

'ကျေးငှက်သားရဲ၊ တောမှာမြဲ၏'

'ကျေးငှက်သားရဲ' ဟူသော စကားလုံးကို သူ ခွဲခြမ်းစိတ်ဖြာကြည့်သည်။ လက်ရှိအခြေအနေမှာ သူ့ဘဝက ကျေးငှက်ကလေးပမာ။ ပိုင်စိုးက သားရဲ။

ကျေးငှက်, သားရဲ။

သူ့ဒေါသနေရာမှာ ကြောက်စိတ်တွေ ပြန်ဝင်လာပြန်သည်။ ဘာဖြစ်လို့ သူ့အစီအစဉ်တွေ လွဲချော်ရတာလဲ မသိ။ သူ မချိတင်ကဲ ဖြစ်နေသည်။ လမ်းကလည်း တစ်စစ မတ်လာရုံမက အကွေ့အကောက်တွေ များလာသည်။

မိုင်တိုင်ကလေး၊ ဦးစောလွင် တစ်ချက်ကြည့်သည်။

၂၅/၂

မန္တလေးရောက်ဖို့ နှစ်ဆယ့်ငါးမိုင် လိုသေးသည်။ ဒီကြားထဲမှာ နှစ်ဆယ့်တစ်မိုင် ရှုခင်းသာစခန်းနှင့် ခြောက်ထပ်ကွေ့ကို ဖြတ်ဆင်းရမည်။ ခြောက်ထပ်ကွေ့ ရောက်လျှင်တော့ သတိထားမှ ဖြစ်မည်။ ပိုင်စိုးလက်ချက်နှင့် မသေဘဲ ဆိုင်ကယ်မှောက်၍ သေနေဦးမည်။ သူ တွေးနေရင်းမှာပင် ကုန်းဆင်းတွေက မတ်စောက်လာသည်။

ဗိုက်ထဲကလည်း ဆာသလိုလို ဖြစ်နေသည်။ နှစ်ဆယ့်တစ်မိုင်ကျလျှင်တော့ တစ်ခုခု ဝင်စားမှ ဖြစ်မည်။ မဆီမဆိုင် သူ့မျက်စိထဲမှာ ပိုင်စိုးနှင့် ကြည့်မြင်တိုင် ကမ်းနားမှ လူမိုက်သုံးယောက် သတ်ပုတ်နေကြသည်ကို ပြန်မြင်ယောင်သည်။

ပြီးတော့ ပိုင်စိုး ပြောဖူးသော စကားကို သူ ကြားယောင်လာသည်။

'ဒီလောကကြီးမှာ ဘာအတွယ်အတာမှ မရှိတဲ့ ပိုင်စိုးလို တစ်ကောင်ကြွက်မှာ မလုပ်ရဲတဲ့အလုပ် မရှိဘူး၊ မလုပ်ချင်သေးလို့ ကြည့်နေတာပဲ ရှိတယ်'

အဲဒီတုန်းက ပိုင်စိုးက သူ့လခစား၊ သူ့လက်အောက်မှာ၊ အခုတော့ ဒီကောင့်ကို လျှော့တွက်လို့ မဖြစ်။ ဆုံးဖြတ်ပြီးလျှင် တကယ်လုပ်မည့် လူစားမျိုး။ ဦးစောလွင် ချွေးပြန်ချင်လာပြန်သည်။

‘အန္တရာယ်ကုန်းဆင်း’

လမ်းဘေးမှာ သတိပေးဆိုင်းဘုတ်ကြီးတစ်ခုကို တွေ့သည်။ ကျောက်ကြမ်ကွေ့ကို သူရောက်ပြီ။ ဆိုင်ကယ်ကို အရှိန်လျှော့ဖို့ ကြိုးစားလိုက်သည်။ လီဗာ လုံးဝလွှတ်၍ ဘရိတ်ကို ထိန်းဆင်းရမည်။ ဒါက သူ့ဆုံးဖြတ်ချက်။ ဒါပေမဲ့ ဘာဖြစ်သွားမှန်း မသိ။ ဦးစောလွင် တစ်ချက်မှားသွားသည်။ လီဗာကို သွားတင်လိုက်မိပြီ။ စီဂျီဝမ်းတူးဖိုက်လေးက လမ်းကွေ့တစ်ခုကို ကျော်၍ လမ်းဘေးချောက်ထဲ ထိုးကျသွားသည်။

ကားပြာအသင်းမှ မန္တလေး-ပြင်ဦးလွင် ကားတစ်စီးက ဦးစောလွင် အလောင်းကို တွေ့ရသည်။ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာရဲတပ်ဖွဲ့စခန်းသို့ သတင်းပို့ခဲ့ပါသည်။

*****

တစ်ခါတလေလည်း ကိုယ့်စိတ်ကိုယ် ထွက်ပေါက်ထားဦးမှ ဖြစ်မည်ဟု ပိုင်စိုး တွေးသည်။ လူငယ်ဘဝ၏ လွတ်လပ်ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းနေသော ပိုင်စိုးတစ်ယောက် ဒီနေ့တော့ တစ်ရက်တလေ စိတ်လွတ်လက်လွတ်နေလိုက်မည်ဟု ဆုံးဖြတ်၍ မြို့ထဲ ထွက်ခဲ့သည်။ သူ့ဘဝမှာ သူငယ်ချင်းအပေါင်းအသင်း ရင်းနှီးဖော်ဆိုတာ မရှိသလောက် ဖြစ်နေပြီ။

ရှိသမျှ အချိန်နာရီတိုင်းမှာ အလုပ်ရုံထဲ၌သာ အချိန်ကုန်နေ၍ ကျောင်းတုန်းက သူငယ်ချင်းတွေနှင့်ပင် အဆက်အသွယ် ပြတ်သလောက် ဖြစ်နေပြီ။ ယခု ဆက်ဆံနေရသူတွေကိုလည်း သူ့စိတ်ထဲမှာ လုံးဝ ဘဝင်မကျ။ အလုပ်သဘောအရ ဆက်ဆံနေရခြင်းသာ ဖြစ်သည်။

ကုန်ကြမ်းဒိုင်တွေ၊ ကုန်ချောဆိုင်တွေ၊ ကြားပွဲစားတွေ ဘယ်သူ့ကိုမှ မယုံ။ အလျဉ်းသင့်သလို ဆက်ဆံနေရခြင်းသာ ဖြစ်သည်။ တကယ်တမ်းကျတော့ သူ့ဘဝမှာ တိုင်ပင်ဖော် တိုင်ပင်ဖက်ဆိုတာ လုံးဝ မရှိ။

အထီးကျန်ဘဝ ရောက်နေပြီဖြစ်သော သူ့ဘဝသူ တွေးမိရင်း ပိုင်စိုး ပြုံးသည်။ ၃၃ လမ်းထိပ် ရွှေကြည်အေး လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း သူ စဉ်းစားသည်။ ဒီနေ့ ဘာလုပ်ရရင် ကောင်းမလဲ၊ ဗိုလ်ဆွန်ပက်လမ်းက ပီဗွီစီပိုက်ဆိုက်မှာ ကြွေးတောင်းဖို့ သတိရသည်။

ဒါပေမဲ့ ဒီနေ့ သူ့အလုပ်ကိစ္စ လုံးဝမလုပ်ဟု ဆုံးဖြတ်ထားသည်။ စိတ်လွတ်လက်လွတ် နေကြည့်ချင်သည်။ ပိုက်ဆိုင်တွေ၊ သိမ်ကြီးဈေးက ပလတ်စတစ်ပုံးဆိုင်တွေ၊ ကြည့်မြင်တိုင်က ကုန်ကြမ်းဒိုင်တွေ အားလုံးကို သူ့အတွေးထဲက မောင်းထုတ်လိုက်သည်။

ဗိုလ်ချုပ်လမ်းပေါ်မှာ အလှအပလေးတွေက ဥဒဟို ဖြတ်သန်း သွားလာနေကြသည်။ မိန်းကလေးတွေကိုလည်း သူ စိတ်မဝင်စားပါ။ သူ့မှာ အချိန်မရှိ။ ပြီးတော့ မိန်းမဆိုတာ ပြဿနာ အစိုင်အခဲတွေဟု သူ ယူဆထားသည်။

ဒါပေမဲ့ ဝေဝေလို မိန်းကလေးမျိုးတွေကို သူသနားသည်။ သနားသည်ဆိုသော အဆင့်ထက်တော့ လုံးဝမပိုပါ။ သူ့စိတ်ထဲတွင် ဝေဝေကို သနားစရာကောင်းသော ညီမလေးတစ်ယောက် အဖြစ်သာ သတ်မှတ်ထားပါသည်။ တစ်ခါတလေတော့ သူ ဝေဝေကို တိုင်ပင်ဖက်အဖြစ် သဘောထားခဲ့သည်။ ဒါပေမဲ့ တစ်ခါတလေသာ ဖြစ်ပါသည်။ ဝေဝေသည် သူ့အလုပ်သမ၊ သူက အလုပ်ရှင်၊ ဝေဝေနှင့် သူ့ကြားမှာ ဝေဝေ့ဖခင် ဦးထွန်းဝေ ရှိသည်။ ပိုင်စိုးကတော့ အဘဝေဟု ခေါ်သည်။

သူ့အလုပ်ရုံမှာ အဘဝေက အုပ်ချုပ်ရေးမှူးဆိုလည်း ဟုတ်သည်။ အလုပ်သမားခေါင်းဆောင်ဆိုလျှင်လည်း မမှား၊ မန်နေဂျာဟုလည်း ပြောနိုင်ပါသည်။ ဝေဝေနှင့် ပတ်သက်နေရခြင်းမှာလည်း အဘဝေကြောင့် ဖြစ်ပါသည်။

အလုပ်သမားတွေရှေ့မှာလည်း သူ ဝေဝေနှင့် အရောတဝင် သိပ်မနေချင်။

နှစ်ယောက်စလုံး သိက္ခာကျနိုင်သည် မဟုတ်လား။ အလုပ်သမားတွေဟု ဆိုသော်လည်း သိပ်တော့မများပါ။ ဆယ့်ငါးယောက်လောက်ပဲ ရှိသည်။ ဒါပေမဲ့ ပုံမှန်တော့မဟုတ်။ ဝင်လိုက်ထွက်လိုက်ပင်။ မနက်ဖြန်လည်း လူသစ်တစ်ယောက် လာမည်ဟုဆိုသည်။ သူ အဲဒီကောင်လေးနှင့် တွေ့ရဦးမည်။ အလုပ်သမားတစ်ယောက်ကို ပြီးစလွယ်နှင့် မရွေးချယ်ချင်ပါ။

ပိုင်စိုး သက်ပြင်းချသည်။ သူ့အတွေးက အလုပ်ကိစ္စကိုပဲ ရောက်ရောက်သွားသည်။ ဒီကိစ္စတွေ ခေါင်းထဲက ဘယ်လိုမှ ထုတ်လို့မရနိုင်တော့ဘူးလား။ လက်ပတ်နာရီကို သူတစ်ချက်ကြည့်သည်။ ဆယ့်နှစ်နာရီတိတိ။

ရုပ်ရှင်ကြည့်ရင်ကောင်းမလားဟု သူ စဉ်းစားသည်။ အလုပ်ထဲမှာ ဗွီဒီယိုစက်ငှား၍ ကြည့်တတ်သောကြောင့် နိုင်ငံခြားကားတွေကတော့ ရိုးနေပြီ။ မြန်မာရုပ်ရှင်တစ်ကားလောက် ကြည့်ရလျှင်ကောင်းမည်ဟု သူတွေး၍ လက်ဖက်ရည်ဖိုးရှင်းပြီး ဆိုင်ထဲမှာ ထွက်ခဲ့သည်။

ဆူးလေဘုရားလမ်းအတိုင်း အထက်ဘက်ကို လျှောက်၍ ရုပ်ရှင်ရုံတွေအောက်ကို အကဲခတ်လိုက်သည်။ အစောကြီးရှိသေး၍ ထင်သည်။ လူသိပ်မရှိ။ သူ ကြည့်မည့်ဒီစီမှာ လေးငါးယောက်ပဲ ရှိသည်။ ရုပ်ရှင်ပိုစတာကို မော်ကြည့်မိသည်။ အခုတလော နာမည်ကြီးနေသော ကျော်ဟိန်းကားဖြစ်သည်။ ပထမပွဲမှ ရုံပြည့်ပြီဟူသော ဆိုင်းဘုတ်လေးက ခုထိမဖြုတ်သေး။

ကြည့်မည့်အတူတူတော့ မထူးပါ။ သေချာတာကောင်းပါသည်။ ရုံရှေ့အုတ်ခုံလေးမှာ သူ ဝင်တန်းစီလိုက်သည်။ ရှေ့နားမှာ သမီးရည်းစားနှစ်ယောက်နှင့် ဂျစ်တစ်တစ်ကောင်လေး နှစ်ယောက်ပဲရှိသည်။ ဒါတွေကို သူစိတ်မဝင်စားပါ။ ဆူးလေဘုရားလမ်းပေါ်မှ ကားရောင်စုံတွေကိုပဲ ငေးနေလိုက်ပါသည်။

ရှေ့တစ်လနှစ်လဆိုလျှင် ငွေဝင်တော့မည်။ ပိုက်အရောင်းလိုက်တော့မည်။ ဆိုင်ကယ်တစ်စီးလောက်တော့ ဝယ်နိုင်မည် ထင်သည်။ သူ သက်ပြင်းချလိုက်မိပြန်သည်။ သားကောင်းစားချိန်ထိ စောင့်ကြည့်မသွားနိုင်ရှာသော အမေ့ကို သတိရ၍ သူ့ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားရပြန်သည်။

သူထိုင်ပြီးလို့ ဘာမှမကြာလိုက် လူတွေတဖွဲဖွဲ ထပ်ရောက်လာသည်။ အုပ်စုလိုက် အုပ်စုလိုက်လာသူတွေလည်း မနည်း၊ အတန်းကြီးက အရှည်ကြီး ဖြစ်သွားသည်။ သူကံကောင်းသည်။ စောစော လာထိုင်ရကျိုး နပ်ပါသည်။ ပတ်ဝန်းကျင်ကို တစ်ချက်ဝဲ၍ အကဲခတ်လိုက်မိစဉ်မှာပင် ဆူးလေဘုရားလမ်းညာဘက်အလယ် အုတ်ခုံပေါ်မှာ ရပ်၍ ငြင်းခုန်နေကြဟန်တူသော ကောင်မလေးသုံးယောက်ကို တွေ့ရသည်။

ရုပ်တွေကို သေချာမမြင်ရပေမဲ့ ဝတ်ထားတာတွေကတော့ ဖက်ရှင်စတိုင်ကျသည်။ ဒါပေမဲ့ သူကြာကြာမကြည့်ပါ။ မိန်းမနှင့် ပတ်သက်လျှင် ဘာသံယောဇဉ်မှ သူ မစချင်။ အတွေ့အကြုံလည်း သူ့မှာမရှိ။ သူ့အကြည့်ကို တော်ဝင် တံတားဘက်သို့ ပို့လိုက်သည်။ ကောင်မလေးသုံးယောက်ကလည်း အဲဒီဘက်ကိုပဲ လျှောက်သွားသည်။ ပန်းဆိုးတန်းဘက်က ရုံတွေကို သွားတာဖြစ်မည်။

သူ့အတွေးထဲမှာ ကောင်မလေးသုံးယောက် ပျောက်သွားတော့ သူ့ရှေ့က ငနဲနှစ်ကောင်က အတွေးထဲရောက်လာသည်။ စိတ်ထဲမှာ သိပ်မသင်္ကာချင်။ သူသတိထားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

ထင်သည့်အတိုင်းပင် ထိုငနဲနှစ်ယောက်၏ အသိလိုလို ဘာလိုလိုနှင့် စုံတွဲတစ်တွဲဝင်လာသည်။ ငနဲတစ်ကောင် ပြန်ထွက်သွားပြန်သည်။ ခဏကြာတော့ လူရွယ်နှစ်ယောက်ပါလာသည်။ ပိုင်စိုးရှေ့မှာ ဝင်ရပ်ခိုင်းသည်။

နေရာရောင်းစားနေကြခြင်း ဖြစ်ပါသည်။ ဒီလောက်ဆို သူလည်း အတွေး ပေါက်ပါသည်။ ဒါပေမဲ့သူဘာမှ ဝင်မပြောဖြစ်ပါ။ မရှိလို့ လုပ်စားတာပဲ လေ။ နှစ်ယောက်နေရာမှာ လေးယောက်သွင်းတာ သွင်းပါစေ။ နှစ်ယောက် ထဲပိုလာတာပဲဟု သူတွေးသည်။ ဒီငနဲတွေ အလွန်ဆုံးရ တစ်ယောက်ငါး ကျပ်ပဲပေါ့။ လုပ်ကြပါစေဟု သူခွင့်လွှတ်လိုက်သည်။ ဒါပေမဲ့ ငနဲနှစ်ကောင် က သူ့ရှေ့မှ မထွက်သေး။ ခဏကြာတော့ တစ်ကောင်ထွက်သွားသည်။ သူ နှင့်အတူကြွ စောင်းစောင်းနှင့် အသားလွတ်ဘဝမြင့် နေသည့်ပုံစံမျိုးဖြင့် င နဲသုံးကောင် ပါလာသည်။

ပိုင်စိုး သည်းခံနိုင်စွမ်းကုန်သွားပြီ။ ဒီကောင်တွေ ဘယ်နှစ်ယောက်သွင်း သွင်း သူလက်မှတ်ရပါသည်။ ပူစရာ မရှိ။ တတ်နိုင်လို့ နေရာတစ်ရာ ရောင်းစားစေဦးတော့ ပိုင်စိုးကတော့ တစ်ရာ့ငါးဆယ်ခန့် ရောင်းသော လက်မှတ်ရမည်ပင်။ ဒါပေမဲ့ နောက်မှာ အချိန်ကုန်လူပန်း တန်းစီစောင့်နေ သူတွေ ရှိသည်။

သူတို့ကို အားနာဖို့ ကောင်းသည်။

ပြီးတော့ အခုနေရာထပ်ပြီး ဝင်လာသူတွေ သူကြည့်မရ။ တကူးတက တန်းစီထားသူတွေကပဲ သူတို့လို နေရာမဝယ်နိုင်သော လူတန်းစားတွေလို့ သတ်မှတ်ချင်နေသည့်ပုံစံတွေ။

ပုဆိုးပြင်ဝတ်ရင်းက သူထိုင်ရာမှ ထလိုက်သည်။ ရှေ့မှာ ရပ်နေသော နေရာရောင်းစားသည့် ငနဲပခုံးကို ပုတ်လိုက်သည်။

'ဒီမှာ ဟေ့ကောင်၊ မင်းတို့တော်ရုံတန်ရုံပဲ ကောင်းတယ်'

'ဘာလဲဗျ၊ ဒါ ကျွန်တော့်သူငယ်ချင်းတွေ'

လောကကြီးမှာ ဖြောင်လိမ်သောအလုပ်ကို ပိုင်စိုး အမုန်းဆုံးဖြစ်သည်။

အမုန်းနှင့်အတူ ဒေါသပါ ကပ်ပါလာသည်။

'မင်းက ပြောင်လိမ်တာပေ့ါ ဟုတ်လား'

သူ့အသံတွေကပါ ဒေါသသံစွက်လာသည်။

'ခင်ဗျားက ဘာသိလို့ ဝင်ရှုပ်တာလဲ ဒါတို့အသိတွေ၊ စောစော မလာအားလို့ တန်းစီခိုင်းထားတာ'

နေရာဝယ်ပြီး ဝင်လာသော ငနဲတစ်ကောင်က ပိုင်စိုးကို ခပ်တည်တည်နှင့် ဟောက်သည်။ သူ ဟားတိုက်၍ ရယ်ပစ်လိုက်ချင်ပါသည်။ ဒါပေမဲ့ မရယ်ဖြစ်ပါ။ တန်းစိနေသော လူအချို့နှင့် လမ်းသွားလမ်းလာတွေ ဝိုင်းအုံလာပြီဟု သူသတိပြုမိသည်။

'ကောင်းပါပြီဗျာ၊ ခင်ဗျားတို့ချင်း အသိတွေဆိုရင် တစ်ယောက်နာမည် တစ်ယောက် သိရမှာပေ့ါ၊ တစ်ယောက်အကြောင်း တစ်ယောက် သိရမှာပေ့ါ ဟုတ်လား'

သူ့စကားအဆုံးမှာ ငနဲတွေ မျက်နှာပျက်လာသည်။ သူ ဘာဆက်လုပ်တော့မည်ကိုလည်း ရိပ်မိပုံလာသည်။ နောက်ဆုံးတော့မဆီမဆိုင် ပိုင်စိုးကို အသားလွတ်ကြီး ထကြိမ်းသည်။

'ဟေ့ကောင် မင်း ငါတို့ကို ဘာကောင်မှတ်လို့လဲ'

ပိုင်စိုးကို ဒါမျိုး လာချိုးလို့ မရ။

'တန်းစီထားတဲ့လူတွေကို စော်ကားပြီး ကြားဖြတ်ချင်တဲ့ လူမှုရေး နားမလည်တဲ့ တိရစ္ဆာန်လိုကောင်တွေလို့ ထင်တယ်၊ ကဲ... မင်း ဘာလုပ်ချင်သလဲ လာခဲ့'

လက်မှတ်ပေါက်နားမှ လေးငါးလှမ်းလောက် လျှောက်၍ ပလက်ဖောင်းပေါ်မှာ သူ နေရာယူလိုက်သည်။ ဘယ်သူမှ သူတို့ကို မဆွဲပါ။

ပြီးတော့ ကိုယ့်ခရီးကိုယ်မဆက်ဘဲ ရပ်ကြည့်နေကြသည်။ လူတွေကိုက သောက်ကျင့်မကောင်း။

ပိုင်စိုး ပခုံးပေါ်ကို နောက်ဘက်မှ လက်တစ်ဖက် လာဖိသည်။ ထိုလက်တစ်ဖက်ကို ဘယ်လက်ဖြင့် ပုတ်ထုတ်၍ ညာလက်သီးဖြင့် တန်း,တန်း ထိုးလိုက်သည်။ ခွပ်ခနဲမည်၍ သူ့နောက်မှ ဝင်လာသူ ယိုင်သွားသည်။ ရင်ဘတ်ကို ညာခြေစောင်းဖြင့် တစ်ချက်ခတ်လိုက်သည်။

'ဖောင်း'

ပလက်ဖောင်းပေါ် လဲသွားပြီ။ ထင်သည့်အတိုင်းပင် နေရာရောင်းသည့် ငနဲနှစ်ကောင်က သူ့အဖွဲ့သားတွေ ခေါ်လာခြင်း ဖြစ်သည်။

ပိုင်စိုးကို လေးယောက်လောက် ဝိုင်းထားသည်။ လက်မှတ်တန်းစီတဲ့နေရာမှာ နေရာဝယ်ပြီး ဝင်လာတဲ့ ငနဲသုံးကောင် မရှိတော့။ လစ်သွားပြီထင်သည်။

'ဟေ့ကောင် ခါးပိုက်နှိုက်'

သူ့ကို ဝိုင်းထားသော ငနဲတစ်ကောင်က လမ်းသွားလမ်းလာတွေ ထင်ယောင်ထင်မှား ဖြစ်သွားအောင် ခါးပိုက်နှိုက်ဟု အော်ပြီး ပိုင်စိုးကို အမှိုက်ပုံးအဖုံးကြီးနှင့် ဝင်ရိုက်သည်။

တစ်ပြိုင်တည်းမှာ နောက်မှတစ်ယောက်က ပိုင်စိုးခေါင်းကို ခြေဖြင့် ကန်သည်။ ကန်သောခြေထောက်ကို ဆွဲမြှောက်ပေးလိုက်တော့ ပက်လက်လန်လဲသွားသည်။ ပလက်ဖောင်းနှင့် ခေါင်း မိတ်ဆက်သွားမည်ထင်သည်။ ဒါတွေကို ပိုင်စိုးဆက်မကြည့်အား။ အမှိုက်ပုံသမား၏ ရိုက်ချက်ကို လွတ်အောင် ရှောင်ရသည်။

ပြီးတော့ အရှိန်လွန်လာသော အမှိုက်ပုံးနှင့် ရိုက်သည့်ငနဲကို ခုန်ကန်ဖြစ်

လိုက်သည်။

'ဟာ... ဟော့... ဟော့ တော်ကြ တော်ကြ လက်လွှန်ကုန်မယ်'

ဘေးလူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ တချို့လစ်ပြေးကြသည်။ တချို့ကလည်း ခုမှဝင်ဆွဲဖို့ ကြိုးစားသည်။ ဘယ်သူဝင်လာဦးမလဲဟု ပိုင်စိုး ဘေးဘယ်ညာတစ်ချက် အကဲခတ်လိုက်သည်။ ဘယ်ဘက်ကိုမှ အလွတ်ပေး၍ မဖြစ်။

ဒါပေမဲ့ သူ့ ကြည့်နေတုန်းမှာပဲ ငနဲလေးယောက်စလုံး လူးလဲထ၍ ထွက်ပြေးသွားသည်။ ပထမတော့ သူ့ကိုကြောက်၍ ထွက်ပြေးခြင်းဟု သူ ထင်လိုက်သည်။ သူ့အထင်နှင့်အမြင် လွဲသွားပါသည်။ ရဲတပ်ဖွဲ့ဝင်နှစ်ယောက် ရောက်လာသောကြောင့် ငနဲတွေ ထွက်ပြေးသွားခြင်း ဖြစ်သည်။ ရဲတွေက ဘာဖြစ်တာလဲဟု မေးသည်။ ပိုင်စိုး ဘာမှမဖြေရသေးပါ။ ဘေးကလူတွေ တစ်ယောက်တစ်ပေါက် ရှင်းပြသည်။ ပိုင်စိုးက သူ့နေရာသူ ပြန်ဝင်ရပ်သည်။

ရန်ပွဲကြောင့် ဖရိုဖရဲဖြစ်သွားသော လက်မှတ်တန်းစီသူတွေလည်း ခုမှ သေချာပြန်တန်းစီသည်။ ပိတ်ထားသော လက်မှတ်ပေါက်လေးလည်း ပွင့်သွားပြီ။ အိတ်ထဲမှ ဆယ်တန်တစ်ရွက်ကို ထုတ်၍ သံတံခါးမှ သူ တိုးဝင်လိုက်သည်။ သူ့နောက်မှာ အတန်းကြီးက အရှည်ကြီး။

ဒါပေမဲ့ ကြားဖြတ်သူတော့ မရှိတော့ပါ။ ရဲနှစ်ယောက် အပေါက်ဝမှာ စောင့်နေသည်။

သူလည်း ရေခဲရေသည်ဘေးမှာရပ်ရင်း အပေါက်ဝကို စောင့်ကြည့်နေလိုက်သည်။ သူ့ခေါင်းထဲ အတွေးတစ်ခု ဝင်လာသောကြောင့် ဖြစ်သည်။

ဒီနေ့ ရန်ကုန်မြို့လယ်ကောင်ကြီးမှာ အသားလွတ် ဖိုက်တင်ပလေးလိုက်ရ

ခြင်းမှာလည်း သူ့အကျိုးကျေးဇူး လုံးဝမပါ။ သူ့လုပ်ရပ်၏ အကျိုးကျေးဇူးကို ခံစားလိုက်ရသူများမှာ နောက်ဆုံးလက်မှတ်သုံးစောင်ဖြင့် ရုံထဲဝင်ခွင့်ရမည့်သူများ ဘယ်လိုလူတွေလဲလို့ သူ စောင့်ကြည့်ချင်သည်။

ဒါပေမဲ့ လတ်မှတ်တွေက အများကြီးကျန်သေးသည်။ ဆယ့်ငါးမိနစ်လောက် စောင့်ရမည်ထင်သည်။ ဈေးဆိုင်လေးသို့လျှောက်၍ အိတ်(စ)ပို့သုံးလိပ်ဝယ်လိုက်၏။ ငါးကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။

'ဘယ်နှစ်လိပ်လဲ'

'သုံးလိပ်'

'သုံးလိပ်ဆို ခြောက်ကျပ်'

'တစ်ကျပ်ခွဲ မဟုတ်ဘူးလား၊ အပြင်မှာ'

'မဟုတ်ဘူးရှင့်၊ နှစ်ကျပ်'

ဈေးသည်ကောင်မလေးက ခပ်ပြတ်ပြတ်ပြောပြီးနောက် သူ့ဘေးမှကောင်မလေးတစ်သိုက်ကို ပိုက်ဆံအမ်းနေသည်။ ဘာမှမတတ်နိုင်ပါ။ အိတ်ထဲမှ ကျပ်တန်တစ်ရွက် ထုတ်လိုက်ရပါသည်။

အပြင်မှာ တစ်ကျပ်ခွဲနှင့်ရသော ဆေးလိပ်ကို ရုံထဲမှာ နှစ်ကျပ်ပေးရသည်။ ဒီတော့ တစ်နည်းနည်းဖြစ် ဒီအရှုံးကို ကာမိအောင် ပြန်လုပ်ရမည်။ အပြင်မှာ အိမ်သာတစ်ခါဝင် ငါးမူးပေးရသည်။

ဒီတော့ အလကားဝင်ခွင့်ရသော ရုပ်ရှင်ရုံထဲမှာ အိမ်သာကို သိပ်ဆန္ဒမပြင်းမပြသော်လည်း အခွင့်အရေးတစ်ရပ် အနေဖြင့် ရတုန်းဝင်ထားရမည်။ စီးကရက်မီးညှိသော အုန်းဆံကြိုးမှ လက်ရပ်ပြီးနောက် အမျိုးသားအိမ်သာရှိသော ညာဘက်ခြမ်းသို့ သူ လျှောက်သွားသည်။

လက်မှတ်ပေါက်နား သူပြန်ရောက်တော့ အချိန်ကိုက်ထားသလား ထင်ရ

သည်။ ကွက်တိပင်။ လက်မှတ်ရောင်း၏ အော်သံကြားရသည်။

'သုံးစောင်ပဲ ကျန်တော့တယ်၊ နောက်လူတွေ မရတော့ဘူး'

လက်မှတ်ပေါက်ရှေ့ကို သူ လှမ်းကြည့်လိုက်သည်။ မချောသုံးယောက်။ သူနှင့် သိပ်မစိမ်းပါ။ သူတန်းစီနေတုန်းက ရုံးရှေ့မှ ဖြတ်လျှောက်သွားတာ တွေ့လိုက်သားပဲ။ ဘာပဲဖြစ်ဖြစ် သူသိချင်တာ သိခဲ့ရပြီ။

သူ့ကျေးဇူးကြောင့် ကောင်မလေးသုံးယောက် ရုပ်ရှင်ကြည့်ခွင့် ရသွားသည်။ မိန်းကလေးသုံးယောက် ရုပ်ရှင်ကြည့်ခွင့်ရဖို့အတွက် သူ့ဘဝကို ဆေးရုံနဲ့ ရဲစခန်းမှာ စရန်သတ်၍ လမ်းဘေး လူသတ်ပွဲတစ်ခုနှင့် ရင်ဆိုင်ခဲ့ရသည်။

'ငါ တော်တော်မိုက်ရိုင်းတဲ့ကောင်ပဲ' ဟု သူတွေးမိသည်။

ဒါပေမဲ့ 'တရားမျှတမှု' အတွက် ဖိုက်သင့်သည့်အခါ ဖိုက်ပေးရမည်ဟု သူ ကောက်ချက်ချလိုက်သည်။ အိတ်ထဲမှ ရုပ်ရှင်လက်မှတ်ကိုထုတ်၍ ထိုင်ခုံနံပါတ်လေးကို ကြည့်လိုက်သည်။

'အေ - ၁၂'

ရုပ်ရှင်ရုံထဲသို့ သူ ဝင်လိုက်သည်။ သူ့ဘဝကို ခဏမေ့ထားဖြစ်ဖို့ ဆုံးဖြတ်လိုက်သည်။

***